## တပတ်အတွင်း သာရေးသတင်းများ

(၁၂.၆.၂၀၂၁)

- ဇွန် ၁၁ ရက်၊ ညနေ ၆ နာရီတွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ လောင်းရှည်ရွာ မြောက်ဘက် ရွှေသိမ်တော်ဘုရား အနီးတွင် ရဲစခန်းအဝင်အထွက်ရှိသူ လက်နှစ်ဖက်လုံးပြတ်နေပြီး မျက်နှာခားဒဏ်ရာဖြင့် သေဆုံး။
- ခန္တီးမြို့မရဲစခန်းမှ ရဲတပ်သား ၁ ဦး CDM လုပ်။
- စစ်ကိုင်းတိုင်း၊ ခန္တီးမြို့မရဲစခန်းမှ ရဲတပ်သားရှီထောက်ဟာ ဇွန်လ ၁၂ ရက်နေ့က အကြမ်းမဖက် အာဏာဖီဆန် CDM လှုပ်ရှားမှုတွင်ပါဝင်ပြီး ပြည်သူနဲ့ ပူးပေါင်း။

(၁၄.၆.၂၀၂၁)

- မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကဒတ်ချောင်းကျေးရွာတွင် ဇွန်လ ၁၄ ရက် နေ့လယ်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၁ ဦး သေဆုံးကာ ၃ ဦး ဒဏ်ရာရရှိ။
- စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကြည်ရွာတွင် ဇွန် ၁၃ ရက်က အုပ်ချုပ်ရေးမှူး၏ သမီး ၂ ယောက် ဓားခုတ်ခံရပြီး သေဆုံး။

(၁၅.၆.၂၀၂၁)

- ရောဝတီတိုင်း၊ ကန်ကြီးထောင့်မြို့တွင် ဇွန်လ ၁၅ ရက် ညပိုင်းက မြို့နယ်စည်ပင်ကော်မတီဥက္ကဌ နေအိမ်အနီး ဗုံးပေါက်ကွဲခဲ့ပါတယ်။
- စစ်ကိုင်းတိုင်း၊ စိုင်ပြင်မြို့နယ်တွင် စစ်တပ်သတင်းပေး ဒလန်အဖြစ်နာမည်ကြီးနေသော ကိုမော်စီတိုးဆိုသူ ပစ်သတ်ခံရ။

(၁၆.၆.၂၀၂၁)

- ရောဝတီတိုင်း၊ ပုသိမ်မြို့ရှိ ဝန်ကြီးများအိမ်ရာဝင်းထဲတွင် ဇွန်လ ၁၄ ရက် ညနေပိုင်းက အကြမ်းဖက်စစ်သား အချင်းချင်း စကားများပြီး ပစ်ခတ်မှုကြောင့် ၁ ဦး သေဆုံးခဲ့တယ်လို့သိရ။
- စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်တွင် ဇွန် ၁၆ ရက် မနက်ပိုင်းက ဒေါင့်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးသန်းဝင်း အသတ်ခံရတယ်လို့ ဒေသခံတွေမှပြော။

ကျောက်တန်းမြို့နယ် ဒုပညာရေးမှူး ပစ်သတ်ခံရ (ပညာရေးမှူး ဦးအေးထွန်းဟာ စစ်တပ်သတင်းပေးတဦးဖြစ်ပြီး သူ့ရဲ့သတင်းပေးမှုကြောင့် CDM ဆရာ ဆရာမတွေ ဖမ်းဆီးခံရမှု အများအပြားရှိခဲ့တယ်လို့ ပညာရေးအသိုင်းဝိုင်းက သိရပါတယ်။)

“

သာရေးသတင်းနှင့် သတင်းအတိုအထွာများကို တင်ဆက်မှုပုံစံအသစ်ဖြင့်
နောက်တပတ်ထွက်ရှိလာမည့် မိုလိုတော့ဗ် အတွဲ ၂ အမှတ် ၁ တွင် တွေ့ရှိရပါလိမ့်မည်။
မိုလိုတော့ဗ် အတွဲ ၂ ရဲ့ အသစ်အသစ်များနှင့်အတူ သာရေးသတင်းသစ်များအား
ကိုယ်တိုင်ဖန်တီးကြပါစို့။

”



# မိုလိုတော့ဗ်

အတွဲ-၁၊ အမှတ်-၁၂၊ ဇွန်၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် Molotov.to.Read



“ချုံခိုတိုက်ခိုက်ခြင်းသည်လည်း အငိုက်ဖမ်းလုပ်ဆောင်ရသော တိုက်ခိုက်ခြင်းမျိုးဖြစ်သည်။
အိမ်တအိမ်၊ အဆောက်အဦတခုကို ဝန်းရံကာကွယ်နေသောရဲအဖွဲ့ကို
လမ်းပေါ်တွင် ချောင်ပိတ်တိုက်ခိုက်နိုင်သည်။ ”




● နေလင်းကို

အသစ်တည်ဆောက်ခြင်းရဲ့အစဟာ
ဖြိုဖျက်ခြင်းပဲ။

လေပြေတို့ ဖူးပွင့်ဖို့ဆို
မှောင်နေတဲ့တိုင်းပြည်ကို
မုန်တိုင်းနဲ့သန့်စင်မှဖြစ်မယ်။

တောမီးက
တောင်တန်းတွေကို မီးရှို့
မြစ်ချောင်းတွေကို လောင်ကျွမ်း
မြို့ပြဆီ
ခရီးပြင်းနှင်လို့
ချီတက်လာနေပြီ။

ထကြွကြ
ထကြွကြ
ထကြွကြ။

အလံတော်ကို
သွေးနဲ့အရောင်ခြယ်ကြမယ် ...။ ။

● နေလင်းကို








(၁၂.၆.၂၀၂၁)

- ရခိုင်ပြည်နယ်တွင် အေအေနဲ့ဆက်စပ်တယ်ဆိုပြီး သံသယနဲ့ဖမ်းဆီး တရားစွဲဆိုခံရသူ ၄ ဦးရဲ့အမှုကို စစ်တပ်က ပြန်လည်ရုပ်သိမ်းလိုက်တဲ့အတွက် ဇွန်လ ၁၁ ရက်နေ့မှာ အမ်းမြို့နယ်တွင် ဖမ်းဆီးတရားစွဲခံရသူ ၄ ဦး ပြန်လွတ်လာ။
- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၌ စစ်တပ်က စားနပ်ရိက္ခာသယ်ယူခွင့်ပိတ်လိုက်သဖြင့် လူဦးရေသောင်းချီ အခက်ကြုံ။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့တွင် ဇွန်လ ၁၁ ရက် ညနေပိုင်းက အသက် ၁၅ နှစ်ဝန်းကျင် ကလေး ၃ ဦးကို အကြမ်းဖက်စစ်အုပ်စုက နေအိမ်တွေမှာ လာရောက် ဖမ်းဆီးသွားပါတယ်။

(၁၃.၆.၂၀၂၁)

- စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အာဏာဖီဆန်ရေးလှုပ်ရှားမှုမှာ ပါဝင်နေကြတဲ့ CDM သူရဲကောင်းဝန်ထမ်း ၆၇၄ ယောက်ကို We Pledge CDM အဖွဲ့က ငွေကျပ် ၁၈၈ သိန်း ထောက်ပံ့ပေးနိုင်ခဲ့တယ်လို့ ထုတ်ပြန်ပါတယ်။
- လူသတ်အကြမ်းဖက်စစ်ကောင်စီရဲ့ အကြမ်းဖက်လုပ်ငန်းများတွင် ကြံ့ခိုင်ရေးပါတီဝင်တွေ ပြောင်ပြောင်တင်းတင်း ပါဝင်နေကြတဲ့အတွက် ကြံ့ခိုင်ရေးပါတီကို အကြမ်းဖက်အုပ်စုဝင်အဖြစ် သတ်မှတ်ပြီး တိုက်ခိုက်သွားမယ်လို့ မင်းကင်း PDF ကြေညာ။
- ကချင်ပြည်တပ်တော်ရဲ့ အထူးတပ်မဟာ ၁၀၈ ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း ကချင်အမျိုးသားအစည်းအရုံး (KNO) က ဇွန်လ ၁၂ ရက် နေ့စွဲနဲ့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

(၁၄.၆.၂၀၂၁)

- ငွေကျပ်ဘီလီယံ ၅၀၀ တန်ကြေးရှိတဲ့ ငွေတိုက်စာချုပ်တွေကို လေလံစနစ်နဲ့ ထပ်မံရောင်းချမယ်လို့ အာဏာသိမ်းစစ်ကောင်စီက ကြေညာ။
- မန္တလေးမြို့တော်စည်ပင် ကိုဗစ်ကာကွယ်ဆေး ၂ ကြိမ်ထိုးထားသည့် ဌာနမှူးတယောက်နဲ့ မိသားစုမှာ ကိုဗစ် ၁၉ ပိုးတွေ့ရှိခဲ့တယ်လို့ စည်ပင်ဝန်ထမ်းတွေထံက သိရပါတယ်။

(၁၅.၆. ၂၀၂၁)

- မော်လမြိုင်က အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းက ၁၀ တန်းကျောင်းသူတဦးတွင် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးတွေ့ရှိ။
- မဟော်သမာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကိုဗစ်–၁၉ အစုလိုက်အပြုံလိုက်ဖြစ်ပွား။

(၁၆.၆.၂၀၂၁)

- တိုက်ပွဲများကြောင့် ကရင်ပြည်နယ်၌ လူပေါင်း ၄၇,၀၀၀ ကျော် နေရပ်စွန့်ခွာထွက်ပြေးနေရ။

ဥပမာတခုအဖြစ်ပြရရင် အင်းဝခေတ် မွန်–မြန်မာစစ်ပွဲတွေမှာ 'လဂွမ်းအိမ်'ဟာ ဘယ်ဘက်ကြည့်ကြည့် သူရဲကောင်းပဲ။ အင်းဝသားတွေဘက်ကကြည့်လည်း သူရဲကောင်းပဲ။ မွန်ဘက်ကကြည့်လည်း သူရဲကောင်းပဲ။ သစ္စာဖောက်အဖြစ် မြင်လို့ကိုမရဘူး။ ဘုရင်အတွက် သူရဲကောင်းဖြစ်နေတာကတော့ သူ့ခေတ်သူ့ကာလ သူ့အချိန်ရဲ့ ပြဋ္ဌာန်းမှုပဲ။ သခင်အောင်ဆန်းလည်း ထိုနည်းလည်းကောင်းပဲ။ မြန်မာတို့အတွက်သူရဲကောင်းဖြစ်သလို အင်္ဂလိပ်တွေကလည်း သူရဲကောင်းအဖြစ်အသိအမှတ်ပြုခဲ့တာပဲ။

ဂျပန်ဦးစောကျတော့ မြန်မာလူထုကလည်း အောင်ဆန်းတို့ကို သတ်တဲ့အတွက် သူရဲကောင်းလို့ အသိအမှတ်မပြုခဲ့သလို အင်္ဂလိပ်တို့ကလည်း ငါတို့အတွက်သတ်ပေးတဲ့ သူရဲကောင်းကြီးလို့အသိအမှတ်မပြုခဲ့ပါဘူး။ အဲ့ဒါ ဘာလို့လည်းဆိုရင် အဓမ္မဝါဒီဖြစ်နေလို့၊ အမှန်တရားဘက်မှာမရှိလို့၊ တရားမျှတတဲ့လုပ်ရပ်မဟုတ်ခဲ့လို့ပဲ ဆိုတာ အားလုံးသိပြီးသား။ သူရဲကောင်းနဲ့ လူယုတ်မာသစ္စာဖောက်ဟာ အခြေခံကျင့်ဝတ်အရကို ကွဲပြားနေပြီး သားပဲလေ။ အခြေခံရပ်တည်ချက်အရကို ကွဲပြားတယ်။

ဒီနေ့ အာဏာသိမ်းစစ်ခေးပြဟာ အဓမ္မဝါဒီတွေလည်း ဖြစ်တယ်။ အမှန်တရားဘက်တော်သားလည်း မဟုတ်။ တရားမဲ့ပြုကျင့်ခဲ့တဲ့ မိစ္ဆာတွေလည်းဖြစ်နေတယ်။ ဒါကြောင့် သူတို့ရဲ့ မတရားပြုကျင့်မှုဟာ သူတို့ရဲ့ သိမ်ငယ်စိတ်ကို ဖြစ်စေခဲ့တယ်။ သူတို့ဘက်မှာ ရပ်တည်ပြီး အထောက်အကူပြုသူ ဒေါက်တိုင်မှန်သမျှဟာ လူထုအပေါ် သစ္စာဖောက်တဲ့အတွက် သူရဲကောင်းဖြစ်မလာနိုင်ဘူး။ သစ္စာဖောက် လောက်ကောင်မျှသာဖြစ်တယ်။ သူတို့ရဲ့ အဓမ္မနိုင်တဲ့သိမ်ငယ်စိတ်ကြောင့် သူတို့ဟာ သူရဲကောင်းမဟုတ်ဘူးဆိုတာ သူတို့ကိုယ်တိုင်သိနေလို့ အချို့သော စစ်ခေးပြလက်ဝေခံ လက်နက်ကိုင်တွေဟာ လူထုဘက် ကူးပြောင်းလာတာဖြစ်တယ်။

ငါတို့မှာ အမှန်တရားရှိတယ်။ ဓမ္မရှိတယ်။ တရားမျှတမှုရှိတယ်။ တရားမဲ့ပြုကျင့်တာမျိုးမလုပ်ဘူး။ ဒါကြောင့် ငါတို့အားလုံးဟာ သူရဲကောင်းတွေသာဖြစ်တယ်ဆိုတာ မမေ့လေနဲ့။ အဓမ္မဝါဒီမှာ သူရဲကောင်းမရှိဘူး။ သူယုတ်မာပဲရှိတယ်။ သူယုတ်မာနဲ့ ယှဉ်တိုက်ခိုက်ရာမှာ အမှန်တရားက အားသာချက်ပဲ။

ဒါကြောင့်ပြောချင်တာက ပညာရှိအယောင်ဆောင်တွေရဲ့ ရန်/ငါစည်းမပြတ်သူတွေရဲ့ ဆိုရိုးစကားတခွန်းဖြစ်တဲ့ "သူတို့ဘက်ကကြည့်တော့ သူရဲကောင်း ငါတို့ဘက်ကကြည့်တော့ သစ္စာဖောက်"ဆိုတာ မှန်ကန် တဲ့ အဆိုတခုမဟုတ်ဘူး။ အမှန်တရားနဲ့ ဓမ္မဘက်တော်သား တော်လှန်ရေးသမားမှန်သမျှ သူရဲကောင်းပဲ။ အဓမ္မသမားတွေနဲ့ တရားမဲ့ပြုကျင့်သူမှန်သမျှရဲ့ ဘက်တော်သားတွေဟာ သူယုတ်မာတွေပဲ ဆိုတာယုံကြည်စွာသိနားလည်းဖို့လိုတယ်။

ကဲ … ချစ်သောအမှန်တရားဘက်တော်သား သူရဲကောင်းတို့။ သင်တို့ဟာ သူရဲကောင်းတွေဖြစ်တဲ့အတွက် ဓမ္မအတွက် သူယုတ်မာ သစ္စာဖောက်တို့ကို သုတ်သင်ချေမှုန်းကြကုန်လော့။ တရားသောစစ်ကို ဆင်နွှဲအနိုင်ယူကြကုန်လော့။ သူရဲကောင်းမှန်ရင် ဘယ်ဘက်ကကြည့်ကြည့် သူရဲကောင်းသာဖြစ်တယ်။ သစ္စာဖောက် လောက်ကောင်ဟာ ဘယ်ခေတ်၊ ဘယ်အခါ၊ ဘယ်အချိန်၊ ဘယ်ဘက်ကြည့်ကြည့် သစ္စာဖောက်ကောင်များသာ ဖြစ်ကြောင်း သံသယကင်းကင်းနဲ့ တိုက်ပွဲဝင်ကြပါကုန်လော့။

● ဟိန်းထက်ဇော်





# ပစ်မှတ်

● ရမ်



စိတ်ကူးနဲ့ သွားသွားခေါက်မိတဲ့
တံခါးတချပ်ပါကွယ်
သွေးသားထဲကနေ
အရေပြားမှာ
အကြောပေါင်းစုံ ထောင်လာတာက အစ
နာကျင်မိတယ်။

တစုံတခုကို စွဲလမ်းနေတာ
ကျနော့် ချစ်ခြင်းပဲ။

ကျနော့်ကိုယ်ထဲမှာ
တကယ်ပဲ မူဆိုလီနီသွေးတွေ
ဦးနှောက်ထဲမှာရော
ဉာဏ်ပညာထဲမှာရော
ခွေးသွားစိတ်တွေလို တွယ်ကပ်နေပြီလား
ထပ်နာကျင်ရပြန်တယ်။

ကုန်းမြင့်တောင်ကုန်းလေးနှစ်ခုကြားက
ဘုရားသခင်ရဲ့ ချစ်ခြင်းဟာ ကျနော်ပဲ။

နောက်ဆုံး
ဂျူးတွေကို
ငွေနဲ့ဝယ်ပြီး လွတ်မြောက်စေခဲ့တာ
ဘယ်သူ့ချစ်ခြင်းလဲ။

ဟော … ကြည့်
ထပ်ခါထပ်ခါ နာကျင်ရပြန်ပြီ။

စာရွက်တရွက်ကိုဖောက်ထွက်သွားစေတဲ့
ကျည်လေးတထောင့်ဟာ
ကျနော်တို့ပါပဲ။ ။

● ရမ်



ရန်သူက ယန္တရားတပ်မပါဘဲ ထိုးစစ်မဆင်ဝံ့ဘူး။ သူ့တပ်မှာ ယုံကြည်ချက်သန္နိဋ္ဌာန် ခိုင်ခိုင်မာမာ မရှိဘူး။ ဒါကြောင့် မင်းအောင်လှိုင်ဟာ လက်နက်မှတပါး ကိုးကွယ်ရာမရှိ ဖြစ်နေတာပါ။

ယန္တရားတပ်တွေရဲ့အားနည်းချက်က မိုးရာသီ ထိုးစစ်တွေမှာ အကူအညီမရတဲ့အပြင် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတဲ့အချက်ပါ။ ဒါကြောင့် ရန်သူဟာ "ဘာလေးဘာ"လို့ခေါ်တဲ့ ပွင့်လင်းရာသီရောက်မှ ထိုးစစ်ကို စတင်လေ့ရှိတယ်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေဟာ ရန်သူ့ထိုးစစ်ကာလတွေပါ။ များသောအားဖြင့် ရန်သူ့ထိုးစစ်တွေဟာ "ဘာလေးဘာ"ထဲမှာပဲ ဦးကျိုးပြီး ဖင်ထိုင်ကျသွားလေ့ရှိတယ်။

ဒါပေမဲ့ စစ်ရဲ့တရားတွေဟာ အသေမရှိဘူး။ ရန်သူဟာ နှစ်စဉ် မပျက်မကွက် "ဘာလေးဘာ"ထဲမှာ ဖင်ထိုင်ကျသွားလိမ့်မယ်လို့ တရားသေ မယူဆအပ်ဘူး။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နဲ့ ဧပြီလတွေအထိ ရန်သူဟာ မရပ်မနား ထိုးစစ်ဆင်နိုင်တယ်ဆိုရင် စစ်ပွဲမှာ သူ့ဘက်က တပန်းသာတယ်။ သူက ယန္တရားတပ်တွေကို စစ်မြေပြင်အထိ ဆွဲထုတ်လာနိုင်ပြီး ထိထိရောက်ရောက် အသုံးချနေနိုင်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ကိုယ့်ဖက်က လက်ငင်းချက်ချင်း တုံ့ပြန်နိုင်တာတွေလည်း အများကြီးပါ။ ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်းပြီး ရန်သူကို

ဆောင်းပါး





# စမ္မာဘက်တော်သားမှန်သမျှ သူရဲကောင်း

● ဟိန်းထက်ဖော်

လူတွေ ပြောလေ့ပြောထရှိတဲ့ စကားတခုရှိတယ်။ "သူတို့ဘက်ကကြည့်တော့ သူရဲကောင်း၊ ငါတို့ဘက်ကကြည့်တော့ သစ္စာဖေါက်"ဆိုတဲ့စကားပေါ့။ ဒီစကားက မဆလခေတ်ထဲမှာ စာရေးဆရာတယောက်က ဝတ္ထုအမည်အဖြစ်ပေးရာက အများစုဟာ ဆုပ်ကိုင်ရမယ့် Motto တခုလို လူငယ်ထုကြားထဲ ပြန့်နှံ့လာခဲ့တာ။ အခုထိ ယောင်ဝါးဝါးသမားအတော်များများ ဆုပ်ကိုင်ပြောဆိုနေကြတုန်းပဲ။

အဲ့ဒီ အဆိုစကားဟာ အတွေးမပြတ်တဲ့သူတွေရဲ့ ပညာရှိယောင်ယောင်အမြင် ဝေဝါးမှုပဲဖြစ်တယ်။ သူရဲပေါကြောင်သူတွေ ဆင်ခြေပေးတဲ့ ယုတ္တိအမှားတခုပဲဖြစ်တယ်။ အတွေးမပြတ်တဲ့ မဆလရဲ့ မဇ္ဈိမပဋိပဒါလမ်းပေါ်က အခြေခံအမြင်သဘောတရားအရ ကြည့်ခဲ့တာပဲ။ ခြံစည်းရိုးပေါ်ခွထိုင်ပြီး ကြည့်ခဲ့တဲ့အမြင်သာဖြစ်တယ်။

အမှန်တရားမှာ ဘက်တခုပဲရှိတယ်။ သူရဲကောင်းနဲ့ သစ္စာဖောက်လူယုတ်မာဟာ အသွင်သဏ္ဌာန်အရရော အနှစ်သာရမှာပါ ကွဲပြားတယ်။ ဦးပုညစကား ငှားပြောရရင် "ဥတုနဲ့ ပုဇွန်ဆီ၊ နံ့သာဆီနဲ့ အီး"လို တန်ဘိုးလည်း မတူကြဘူး။ အဆင့်အတန်းလည်း ကွဲပြားတယ်။

သူရဲကောင်းလို့ဆိုလိုက်တာနဲ့ ဘယ်ဘက်ကြည့်ကြည့် သူရဲကောင်းဟာ သူရဲကောင်းပဲ။ ဒီလိုပဲ သစ္စာဖောက်လို့ဆိုလိုက်တာနဲ့ ဘယ်ဘက်ကကြည့်ကြည့် သစ္စာဖောက်ဟာ သစ္စာဖောက်ပဲဖြစ်တယ်။

ဆောင်းပါး

ရဖို့အတွက် သိမ်းပိုက်လုယူလိုက်ခြင်းဖြစ်နိုင်သလို၊ နိုင်ငံရဲ့အခြေအနေအရ မဖြစ်မနေ သိမ်းပိုက်လိုက်တာမျိုး တွေလည်း ရှိပါတယ်။ ဒါပေမယ့် သေချာသလောက် ၂၁ ရာစုလိုကာလကြီးမှာ နိုင်ငံတနိုင်ငံအနေနဲ့ အာဏာလု ယူခြင်းဖြစ်စဉ်ဟာ အဓိပ္ပာယ်မရှိပါဘူး။ လုံးဝ လက်သင့်ခံနိုင်စရာအကြောင်းလည်း မရှိပါဘူး။ နိုင်ငံတနိုင်ငံ အနေနဲ့ စစ်တပ်က နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အချုပ်အချာအာဏာကို သိမ်းပိုက်တယ်ဆိုတာက သက်သက်မဲ့ အာဏာလုယူမှုအဖြစ်သာ လက်ခံကြမှာပါ။ အကြောင်းကလည်း သက်သက်မဲ့ ဩဇာအာဏာမက် မောမှုကြောင့် လုပ်တာတွေကြီးပါပဲ။

သမိုင်းတလျှောက်ကြည့်လိုက်ရင် မိခင်ဖြစ်သူဆီကအာဏာကို သားဖြစ်သူက အာဏာပြန်ယူ၊ အစ်ကို့ အာဏာ ညီလုယူ၊ ဦးလေးရဲ့အာဏာကို တူဖြစ်သူကယူ၊ တူရဲ့အာဏာကို ဦးလေးဖြစ်သူက လု၊ မင်းကောင်းကို သူပုန်ကဖြုတ်ချ၊ မင်းဆိုးကို တပ်မတော်က ဖြုတ်ချ၊ အာဏာရှင်ကို နောက်အာဏာရှင်က ပြန်ဖြုတ်ချနဲ့ အဆုံး မသတ်နိုင်တဲ့ နိုင်ငံရေးခုံပေါ်မှာ မပြီးနိုင်တဲ့ အာဏာယစ်မူးမှုတွေကို ၂၁ ရာစုမှာ အသိဉာဏ်မြင့်"လူ"တိုင်း၊ ပညာတတ်သူတိုင်းအတွက် လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။

လွတ်လပ်မှုဟာ လူဖြစ်မှုရဲ့ အနှစ်သာရဖြစ်ပါတယ်။ လူဖြစ်ခြင်းဟာ လွှမ်းမိုးမှုကိုကျော်လွှန်ပြီး ပင်ကို အားဖြင့် ရပ်တည်နိုင်ခြင်းဖြစ်ပါတယ်။ လူဖြစ်ခြင်းရဲ့ ပင်မအကြောင်းအရင်းဖြစ်တဲ့ လွတ်လပ်ခွင့်ကို လုယူမှုခံရ ခြင်းဟာ လူတဦးတယောက်အနေနဲ့ အဆိုးဆုံးသော ခံစားရမှုဖြစ်ပါတယ်။ အသိဉာဏ်မြင့်လေလေ လူသားတ ယောက်အနေနဲ့ သူ့ရဲ့လွတ်လပ်ခွင့်ကို ပိုပိုင်ဆိုင်လိုပြီး ပိုခိုင်မာအောင် လုပ်ဆောင်တတ်ကြပါတယ်။

လူတယောက်ရဲ့ လွတ်လပ်မှုကို ထိန်းချုပ်ခြင်းဟာ ထိုလူရဲ့ခြေ၊ လက်၊ ခေါင်း ဖြတ်လိုက်သလိုပါပဲ။ အမြင်အားဖြင့်လည်း ကျဉ်းမြောင်းသွားသလို၊ အကြားသုတစွမ်းရည်တို့ဟာလည်း လျော့ကျသွားပါတယ်။ လုပ် နိုင်စွမ်းနဲ့ လုပ်နိုင်ခွင့်အားလုံးဟာ လွှမ်းမိုးမှုများအောက်မှာ နယ်ပယ်ကျဉ်းမြောင်းသွားပြီး အသက်ရှင်နေထိုင် ခွင့်ဟာလည်း အဓိပ္ပာယ်ကင်းမဲ့သည်ထက် ကင်းမဲ့သွားပါတယ်။

လူမှုအဖွဲ့အစည်းတခု တိုးတက်အောင်မြင်ပြီး ထိပ်ဆုံးသို့ရောက်ရှိခြင်းဟာ အဆိုပါလူမှုအဖွဲ့အစည်းက သတ်မှတ်တဲ့ စည်းမျဉ်းစိန္နန်းတွေကြောင့်ဖြစ်ပြီး ယင်း စည်းမျဉ်းဥပဒေသများအရ အထိန်းအကွပ်ဘောင်အ တွင်း လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်များအလျောက် လူတို့ရဲ့လွတ်လပ်ခွင့်ဆိုတာက ပီပြင်လာရခြင်းဖြစ်ပါတယ်။ အ ဆိုပါသတ်မှတ်ထားသည့် စည်းမျဉ်းများရဲ့ခွင့်ပြုထားသည့် အတိုင်းအတာထက်ကျော်လွန်ကာ အလိုဆန္ဒလောဘ ဇောတွေနဲ့ ရနိုင်ခွင့်၊ ရပိုင်ခွင့်များကို လိုသည် ပိုသည်ထက် ဩဇာအာဏာယစ်မူးသူများက စည်းမျဉ်းဘောင်များ ကို ကျော်လွန်ပြီး ချိုးဖောက်ခြင်းအားဖြင့် ရနိုင်ခွင့်၊ ရပိုင်ခွင့်ဘောင်များကို ချဲ့ထွင်တတ်ကြပါတယ်။ မည်သို့ပင် ဖြစ်စေ အဆိုပါ ရနိုင်ခွင့် ရပိုင်ခွင့်များကပင်လျှင် လူတို့၏ အချုပ်အချာ အာဏာဖြစ်လာပါတယ်။

နိုင်ငံတနိုင်ငံရဲ့ အချုပ်အချာအာဏာဟာ ပြည်သူတရပ်လုံးမှ ဆင်းသက်လာပါတယ်။ သို့သော် ဖြည့်စွက် ရမည့်အချက်က အဆိုပါအချုပ်အချာအာဏာအား လက်နက်ကိုင်ဆောင်ထားသည့် အာဏာမက်မောသူတစုက လည်း လုယူနိုင်ပါတယ်။ အာဏာလုယူထားသည့် အာဏာရှင်ဟူသမျှဆီက အခြိမ်းအခြောက်အာဏာကို ပြည်သူ့ အချုပ်အချာ အာဏာစစ်စစ်ဖြင့် တိုက်ခိုက်ပြီး ချေမှုန်းနိုင်ပါတယ်။ လုယူခြင်းဟာ အာဏာစစ်စစ် မဖြစ်သည့် အတွက် အာဏာစစ်စစ်ဟာ အမြဲတမ်း အင်အားရှိပြီးသား၊ အင်အားကြီးသားပြီးဖြစ်ပါတယ်။ အခြိမ်းအခြောက် အာဏာဟာ အချုပ်အချာအာဏာကို ယှဉ်ပြိုင်နိုင်ခြင်း လုံးဝမရှိပါဘူး

(နောက်တပတ်ဆက်ရန် ...)

● မောရိသျှ





အကြီးအကျယ် အထိနာသွားအောင် လုပ်နိုင်ရင် ကိုယ်ကအောင်မြင်တာပဲ။

မုတ်သုန် မိုးသစ်တောကြီးတွေထဲမှာ မိုးရာသီစစ်ပွဲကို မမောမပန်းဆင်နွှဲနိုင်တာက ဒေသခံတပ်ဖွဲ့တွေရဲ့အား သာချက်ပဲ။ ဒေသခံ ပြည်သူ့လက်နက်ကိုင်တပ်တွေဟာ မုန်တိုင်းကိုလည်းမမှု၊ ရွှံ့နွံတောတွေကိုလည်း မကြောက် မလန့်နဲ့ ပြင်းထန်တဲ့ ငှက်ဖျားဒဏ်ကိုလည်း ခံနိုင်ကြတယ်။

ရုရှားနိုင်ငံရဲ့ ပြင်းထန်လှတဲ့ ဆောင်းရာသီဒဏ်ကို နပိုလီယံလည်း လက်လန်ခဲ့သလို ဟစ်တလာလည်း အရှုံးပေးခဲ့ရတယ်။ ပြည်သူ့စစ်ပြောက်ကျားတိုက်ပွဲ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်တွေ၊ ရန်သူကို ဇော်ပြတ် သရောခိုင်းသွားစေလောက်တဲ့ မြေလှန်ခွာစစ်တွေဟာ ရာဇဝင်ပြောင်တဲ့ အောင်ပွဲကြီးတွေကို အတွဲအဖက် ညီ ညီညာညာနဲ့ သယ်ဆောင်လာဖူးတယ်။ တော်လှန်ရေး သူပုန်တပ်ဟာ မိုးရာသီ ထိုးစစ်ကို ဆင်နွှဲနိုင်စွမ်းရှိအောင် ထုသားပေသားကျနေရမယ်။ ဒါက နေ့ချင်းညချင်းမဖြစ်နိုင်ဘူး။ စစ်မြေပြင်မှာ သံမဏိသားကျနေတဲ့ စစ်သား ကောင်းတွေကို လက်တွေ့တိုက်ပွဲတွေက အချိန်ယူ လေ့ကျင့်သင်ကြားပေးခဲ့ရတာပဲ။ ပြင်းထန်တဲ့ ရာသီဥတုဒဏ် ကို ရင်ဆိုင်နိုင်စွမ်းရှိဖို့ကလည်း အချိန်ယူ လေ့ကျင့် ဖြတ်သန်းကြရတာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့ဟာ ရန်သူကို ထိုင်စောင့်နေလို့မဖြစ်ဘူး။ သူ့ထက်အရင် ကိုယ်က ထိုးစစ်ဆင် တိုက်ခိုက်ရလိမ့်မယ်။ ပြောက်ကျားစစ်ဆိုတာ သေနင်္ဂဗျူဟာ ခံစစ်ဖြစ်ပေမဲ့ နည်းပရိယာယ် ထိုးစစ်ဖြစ်တယ်။ ပြောက်ကျားစစ်မှာ ခံစစ်ဗျူဟာကို မကျင့်သုံးဘူး။ ထိုးစစ်ကိုပဲ အဓိကထားရတယ်။ ဒါပေမဲ့ ကိုယ့်ဘက်က လက်ဦး မှုဆုံးရှုံးရင် ခံစစ်ကို မဖြစ်မနေ ဆင်ရတော့တာပဲ။ အမြဲတမ်းထိုးစစ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မယ်။

မိုးရာသီတိုက်ပွဲကာလမှာ မဖြစ်မနေခံစစ်ဆင်ဖို့ အခြေအနေကြုံလာရင် ကျနော်တို့ဟာ ခံတပ်နဲ့ ထိုးစစ် ဆင်ခြင်းဆိုတဲ့ ဗျူဟာကို ကျင့်သုံးတတ်ရမယ်။ ခံတပ်နဲ့ ထိုးစစ်ဆင်ခြင်းဆိုတဲ့ ဗျူဟာက မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်မှာ ဗြိတိသျှစစ်သူကြီး"ဝင်းဂိတ်(Ode Charles Wingate)"ရဲ့ နာမည်ကျော်အောင်ပွဲတွေကို ဆောင် ကြဉ်းပေးခဲ့ဖူးတယ်။ ဒီဗျူဟာက ရန်သူ့ နောက်ပိုင်းဒေသထဲကို ထိုးဖောက်ဝင်ပြီး ခံတပ်အခိုင်အမာဆောက် တယ်။ ထောက်ပံ့ရေးလမ်းကြောင်း အခိုင်အမာလုပ်တယ်။ ရန်သူရဲ့ စစ်နောက်ပိုင်းဒေသကို မတည်မငြိမ်ဖြစ် အောင်လုပ်တယ်။ ရန်သူကို ကသောင်းကနင်းဖြစ်စေပြီး ရိက္ခာလမ်းကြောင်းဖြတ်တောက်ပေးတယ်။ ရန်သူ့ စစ် ဦးကို တပ်ဦးကျွံသွား အောင်လုပ်တယ်။ ရှေ့တန်းမှာ အသည်းအသန်တိုက်ပွဲဆင်နေတဲ့ ဂျပန်တွေဟာ နောက် ပိုင်းတပ်တွေနဲ့ အဆက်ပြတ်ကုန်ပြီး ကိုဟီးမားနဲ့ အင်ဖာတိုက်ပွဲတွေကနေ ခွေးပြေးဝက်ပြေး ပြန်ပြေးလာခဲ့ကြ ရတယ်။ ကျနော်တို့ဟာ မဖြစ်မနေ ခံစစ်ဆင်ရမယ်ဆိုရင်တောင် ထိုးစစ်အမြင် မပျောက်ရဘူး။

၁၉၅၆ ခုနှစ်လောက်က နာမည်ကျော် ပုပ္ပါးတောင်တိုက်ပွဲဖြစ်ခဲ့ဖူးတယ်။ ကွန်မြူနစ်ပါတီတပ်က ပုပ္ပါး တောင် အရှေ့ဖက်ခြမ်းဒေသမှာ တပ်စွဲထားတယ်။ ခရိုင်နိုင်ငံရေးမှူးက ဦးအုန်းဖေဖြစ်ပြီး ခရိုင်တပ်မှူး က ဦးကိုလေးပါ။ ရန်သူက အခုခေတ် ညောင်ဦး-မြင်းခြံလမ်းကနေ ကာနယ်ချစ်ခိုင်ဦးစီးပြီး ချီတက်လာတယ်။ ကာနယ်အောင်ရွှေဦးစီးတဲ့ စစ်ကြောင်းက မန္တလေးဘက်ကနေ တောင်သာဝဲလောင်လမ်းအတိုင်း ချီတက်လာ တယ်။ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းအတိုင်း ချီတက်လာတာက ကာနယ်ကြည်မောင်ရဲ့တပ်ပါ။ ကာနယ် ကြည်ဝင်းဦးစီးတဲ့ စစ်ကြောင်းက ချောက်-ညောင်ဦး-ကျောက်ပန်းတောင်းလမ်းအတိုင်း ချီတက်လာတယ်။ ရန် သူက အင်အား ရာဂဏန်းရှိတဲ့ မြင်းခြံခရိုင်တပ်ကို တပ်မ ၃ ခုစာ အင်အားသုံးပြီး ချေမှုန်းဖို့ ကြံစည်တာပါ။

ခရိုင်တပ်က ချက်ချင်းအစည်းအဝေးထိုင်ပြီး ဆုံးဖြတ်တယ်။ ပုပ္ပါးတောင် အခြေစိုက်စခန်းကို ယာယီ စွန့်လွှတ်ဖို့ပါပဲ။ ရန်သူကို ထိုင်စောင့်ပြီး ညှပ်ပူးညှပ်ပိတ် အတိုက်ခံလို့မဖြစ်ပါဘူး။ အခုအချိန်ရောက်မှ အုပ်စည်း မပျက် တပ်ဖျောက်ထွက်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး။ ရန်သူ့တပ်က နာရီပိုင်းအတွင်းရောက်လာတော့

မှာပါ။ ပါတီတပ်ဟာ ညစာစားဖို့ အရံသင့်ချက်ပြုတ်ထားတဲ့ ထမင်းဟင်းတွေကိုတောင် ဒီအတိုင်းချန်ထားခဲ့ရတယ်။ နောက်ဆုံးတော့ အနည်းဆုံးတယောက် အများဆုံး သုံးယောက် တပ်ဖျောက်ထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။ တပ်ကို တောင်သာနယ်အနောက်ခြမ်း နဝတီးလျှိုကြီးထဲမှာ ပြန်စုဖို့ အချက်ပေးလိုက်တယ်။

နဝတီးလျှိုထဲမှာ တပ်ပြန်စုမယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို အသက်နဲ့လဲပြီး စောင့်ထိန်းရမယ်လို့ အမိန့်ပေးလိုက်တယ်။ တပ်ဖျောက်ဆုတ်တဲ့အထဲက လူ ၁၄ ယောက် ရန်သူ့ သုံ့ပန်းဖြစ်ခဲ့ပေမဲ့ သတင်းမပေါက်ကြားခဲ့ ဘူး။ ယုံကြည်ချက်ကို အသက်နဲ့ထပ်တူ စောင့်ထိန်းခဲ့ကြတယ်။ ခရိုင်တပ်ဟာ နဝတီးလျှိုထဲမှာ စနစ်တကျ ပြန် စုနိုင်ခဲ့တယ်။ ပါတီတပ်က ချန်ထားခဲ့တဲ့ ထမင်းအိုး ဟင်းအိုးတွေကို ရန်သူက လက်ဖျားနဲ့တောင် မထိဝံ့ခဲ့ဘူး။ ပူပူနွေးနွေး ဟင်းနံ့မွှေးနေတဲ့ မိုးဖြဲဒယ်ကြီးတွေက သူတို့ကို စွဲဆောင်မှာ မုချပါ။ ဒါပေမဲ့ အဆိပ်ခတ်ထား ခဲ့မယ်လို့ယူဆပြီး လက်နဲ့မတို့ဝံ့ဘူး။ ပါတီတပ် ဆုတ်လာရတဲ့အကြောင်းသိတဲ့ ပြည်သူတွေဟာ ချက်ချင်းပဲ ရရာလက်နက်ကိုင်စွဲပြီး တပ်နဲ့အတူ လာပူးပေါင်းကြတယ်။

ပါတီတပ်ဟာ ပြည်သူတွေ တခဲနက်ပူးပေါင်းအားဖြည့်လိုက်တဲ့အတွက် ရန်သူကို နေ့မဆိုင်းဘဲ တန်ပြန်ထိုးစစ်ဆင်နိုင်ခဲ့တယ်။ ပုပ္ပါးတောင် အရှေ့ခြမ်းတခုလုံး တောမီးရှို့ပြီး အခုခေတ် ဗျတ္တပန်းဆက်လမ်းအတိုင်း တောင်အနောက်ခြမ်းက စသိမ်းတာပါ။ တောင်မကြီးသိမ်းမိတဲ့အထိ တိုက်ပွဲကြီးကြီးမားမား မဖြစ်ခဲ့ဘူး။ တောင်အရှေ့ခြမ်း ပါတီစခန်းဟောင်းဘက်ရောက်တာနဲ့ အကြီးအကျယ် တိုက်ပွဲဖြစ်တော့တာပါ။ ပါတီတပ်က အပေါ်စီးရပြီး ရန်သူက တောင်ခပန်းရောက်နေတဲ့အနေအထားမှာ တိုက်ပွဲစဖြစ်ပါတယ်။

ဒီတိုက်ပွဲဟာ ပြည်တွင်းစစ်ကာလ အထက်ဗမာပြည် တိုက်ပွဲစဉ်တလျှောက်မှာ အပြင်းထန်ဆုံး အကြမ်းတမ်းဆုံး တိုက်ပွဲပဲလို့ ဆိုစမှတ်ရှိပါတယ်။ ပါတီတပ်မှာ လက်နက်ပါပေမဲ့ ဒေသခံပြည်သူတွေက ဓားနဲ့တက်ခုတ်ကြတာပါ။ တတောလုံး တတောင်လုံး မီးဟုန်းဟုန်းတောက်ပြီး သွေးချင်းချင်းနီအောင် စီးခဲ့ရတဲ့ တိုက်ပွဲပဲလို့ဆိုပါတယ်။ သုံးရက်သုံးည အပြင်းအထန်ထိုးစစ်ဆင်ပြီး ပုပ္ပါးတောင်စခန်းကို ပြန်ရတယ်။ မြင်းခြံခရိုင် ပြောက်ကျားစစ်သမိုင်းမှာတော့ ပုပ္ပါးတောင်တိုက်ပွဲကို အစွဲပြုပြီး အနည်းဆုံးတယောက် အများဆုံးသုံးယောက် စုဖွဲ့မှုဟာ အစဉ်အလာဖြစ်ခဲ့တယ်။

ရန်သူဟာ တပ်ကူ အချိန်မှီမပို့နိုင်ခဲ့ဘူး။ မန္တလေးကဆင်းလာတဲ့တပ်ဟာ တံတားဦးနဲ့ မိုးစက်တောင်မှာ အတိုက်ခံရတယ်။ မိတ္ထီလာတပ်ကို နတ်မောက်လူထုက ကားလမ်းမပေါ် အထိ တက်တိုက်ခဲ့တယ်။ ချောက်၊ ရေနံချောင်း၊ မကွေးဘက်က စစ်ကူတွေကိုလည်း စဥ့်ကူး၊ ညောင်ဦး၊ ငွေးချိုဘက်က ခံတိုက်ပေးကြတယ်။ ပခုက္ကူကနေ တပ်ကူဆင်းလာတဲ့တပ်ကို လက်ပန်ခြေပေါ် က ခံတိုက်တယ်။ ဒီတိုက်ပွဲစဉ်ထဲမှာ လက်ပန်ခြေပေါ် တိုက် ပွဲ မိုးစက်တောင်တိုက်ပွဲ ငွေးချိုတိုက်ပွဲနဲ့ နတ်မောက်တိုက်ပွဲတွေဟာ အပြင်းအထန် အသက်ချင်းလုခဲ့ရတာလို့ ဆိုပါတယ်။

ပြောက်ကျားဟာ ထိုးစစ်ဖြစ်ရမယ်။ ရန်သူကို ထိုင်စောင့်မနေနဲ့။ ကိုယ်က ဦးအောင်တိုက်၊ စိတ်ကြိုက်အခြေအနေ ဖန်တီးပြီးတိုက်၊ နိုင်မယ်သေချာမှတိုက်ဆိုတာ အခြေခံသင်ခန်းစာတွေပါပဲ။ ပြောက်ကျားတပ်တတပ်နဲ့ တတပ်၊ ပြောက်ကျားဒေသ တခုနဲ့တခု အချိတ်အဆက်မိမိ ထိုးစစ်ဆင်တိုက်ခိုက်နိုင်ဖို့လည်း လိုအပ်တယ်။ ပြည်သူသာ အခရာပဲ။ ပြည်သူထောက်ခံရင် ပြောက်ကျားစစ်က အောင်ပွဲခံလိမ့်မယ်။

● တင်မြင့်ဇော်








● မောရိသျှ

အယ်ဒီတာ မှတ်ချက်။ ။

ခုဆောင်းပါးသည် မိုလိုတော့ဗ်စာစဉ်သို့ ပေးပို့လာသည့် မောရိသျှ စုစည်းဘာသာပြန်ကာ ရေးသားထားသော သူပုန်သူကန်စာအုပ်မှ ဖော်ပြထားခြင်း ဖြစ်ပါသည်။ အဆိုပါစာအုပ်တအုပ်လုံးကို ယခုတပတ်မှစတင်ကာ အပတ်စဉ် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ သူပုန်သူကန်စာအုပ်ကို အပတ်စဉ်ဖော်ပြခွင့်ပေးပါသော ဘာသာပြန်ရေးသားသူ မောရိသျှကို လေးနက်စွာ ကျေးဇူးတင်အပ်ပါသည်။

အခန်း–၁။

အခြေခံသဘောတရားများ။

၁။ သူပုန်သူကန်

တရားဥပဒေဟာ မျှတမှုမရှိတော့တဲ့အခိုက် တော်လှန်ရေးဟာ အဖြေဖြစ်လာပါတယ်။ အုပ်ချုပ်ရေးဟာ ပျက်ယွင်းလာတာနဲ့ ပြည်သူ့လုံခြုံရေးဟာ အားနည်းလာပါတယ်။ ဥပဒေအထက် အာဏာတရပ်ရပ်ရောက်ရှိတာနဲ့ ငြိမ်းချမ်းရေးဟာ ပျက်စီးပါတယ်။ တော်လှန်ရေးဟာ အသက်ဝင်တာနဲ့ ပြည်သူ့အာဏာဟာ ပီပြင်လာပါတယ်။ စစ်မှန်တဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရားအစစ်ဟာ ဘယ်တော့မှ အလုပ်မရှုပ်ပါဘူး။ အုပ်ချုပ်ရေးယန္တရားရဲ့ လုပ်ငန်းဆောင်တာနည်းပါးလေလေ ပြည်သူတို့ရဲ့ဘဝနေထိုင်ရေး တည်ငြိမ်းအေးချမ်းလေဖြစ်ပါတယ်။ ဘုရင်ဝင်ပါစရာမလိုလေလေ ပြည်သူတွေ သက်သာချောင်ချိလေဖြစ်ပါတယ်။

ကမ္ဘာအနှံ့နိုင်ငံတွေများမှာ အာဏာသိမ်းမှုဖြစ်စဉ်တွေကို သမိုင်းနဲ့ယှဉ်ကြည့်လိုက်ရင် မနည်းမနောပါ။ အာဏာသိမ်းမှုရဲ့နောက်ကွယ်မှာလည်း အကြောင်းအရင်းမြောက်များစွာ ရှိနေပြီး တသီးပုဂ္ဂလအကျိုးအမြတ်

ပြောက်ကျားမှာ အချိန်ဆွဲတိုက်တာဟာ တတ်သိလိမ္မာမှု ခေါင်းပါးမှုတခုပဲ။

ရန်သူတပ်ဟာ ခရီးဝေးလံစွာ စစ်ချီလာတတ်တာမို့ အလိုလိုစစ်ပန်းနေတတ်တယ်၊ ကိုယ်ကဒေသခံတွေဖြစ်တဲ့အတွက် အမြဲတပန်းသာတယ်မှတ်။ ရန်သူ့ခြေလှမ်းကိုသိဖို့ ဒေသခံတွေရဲ့သတင်းစကားကို အလေးထားရမယ်။ ကိုယ့်နယ်မှာ ရန်သူ့သူလျှို ရှိ၊ မရှိကို အမြဲလေ့လာနေရမယ်။ တခါတခါ ရန်သူ့သူလျှိုမှန်းသိရင် သူ့ကို ပြန်အသုံးချတတ်ရမယ်။ အသုံးချစည်းရုံးလို့မရမှသာ စီရင်သင့်သလိုစီရင်ကြ။ ကိုယ့်ဘက်ကလည်း တန်ပြန်သူလျှိုမွေးရမယ်။

စစ်ရေးစစ်ရာမှာ ရန်သူ့ဖက်အခြေနေ၊ ရန်သူ့သတင်းအချက်အလက်ကိုသိရင် မတိုက်ခင်က နိုင်နေပြီမှတ်။ ရန်သူ့သတင်း၊ ရန်သူ့အခြေနေကို အမြဲလေ့လာနေရမယ်။ ကိုယ့်တပ်ဟာလည်း အခြေအနေပေးတာနဲ့ တိုက်ခိုက်နိုင်ဖို့ အမြဲအဆင့်သင့်ဖြစ်နေရမယ်။ အဲ့ဒီအတွက် နိုးကြားစိတ်ရှိအောင်လှုံ့ဆော်နေရမယ်။

ရန်သူက ခရီးဝေးချီတက်ရတာကြောင့် ရိက္ခာပြဿနာဟာ သူ့အတွက် အခက်အခဲ မလွဲမသွေရှိတယ်။ ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းကိုလည်း အမြဲမပြတ်လေ့လာ ဖြတ်တောက်တိုက်ခိုက်နေရမယ်။ ရန်သူတပ်မှာ ရိက္ခာပြတ်ပြီဆိုရင် အလွယ်တကူအနိုင်ယူ။ လူနဲ့လက်နက်ကို ချွေတာလို့ရတယ်။ ရန်သူရိက္ခာဟာ ကိုယ့်ရိက္ခာအဖြစ် ကိုယ့်တပ်ကို ကျွေးလို့လည်းရတယ်။

ကဲ … ဒီတပတ်တော့ ဒီလောက်ပါပဲ။ နောက်တပတ်မှ ပြန်ဆုံကြရအောင်။

● ဘိုးဒေါင်း











ရဲဘော်ချေဂွေဗားရားရဲ့ မွေးနေ့ကို ဂုဏ်ပြုပြီး ချီတက်တိုက်ပွဲဝင်တဲ့ လူငယ်တွေကိုတွေ့ရတာ နှစ်ထောင်းအားရ ဖြစ်မိတယ်။ ကျနော်တို့ဆီက လူငယ်တွေဟာ ဗိုဇမှန်ပြီးသားပါ၊ စစ်အာဏာရှင်စနစ်ဆိုးက ရိုက်ချိုးထားလို့ အညှန့်ကျိုးလုနီးနီး ဖြစ်နေကြရှာတာ။ ဘိလပ်ပြန်၊ အမေရိကန်ပြန်တွေရဲ့ နိုင်ငံရေးနဲ့ အတွေးအခေါ် လွှမ်းမိုးမှု တစုံတရာရှိခဲ့လို့လည်း ပိုဆိုးခဲ့ပါတယ်။ ဒါပေမဲ့ ကြီးမြတ်တဲ့တိုက်ပွဲက ဂုဏ်ပြောင်တဲ့လမ်းမှန်ကို ညွှန်ပြခဲ့ပြီ။

လစ်ဘရယ် ရွှေရည်စိမ်ခေတ်မှာ မဲပေးခဲ့တဲ့ လူငယ်တွေဟာ သိပ်မကြာဘူး ရက်ဒီကယ်လမ်းကို ရင်ဖွင့်ပြီး လျှောက်ခဲ့ကြတယ်။ ဖက်ဆစ်ရဲ့ကျည်ဆန်ကို အန်တုပြီး တိုက်ပွဲကို ရဲရဲဆုပ်ကိုင်လိုက်တယ်။ ဖက်ဆစ်ဟာ သက်သတ်လွတ်မစားတဲ့ ကျားဆိုတာ သူတို့သိကြပါတယ်။ နိုင်ငံရေး အတွေးအခေါ် ကို လက်ဝဲ၊ လက်ယာနဲ့ ပြောလေ့ရှိတယ်။ ထပ်ပြီး ပိုင်းခြားအဆင့်ခွဲရရင် အတွေးအခေါ် ဟာ လက်ယာစွန်းအနိမ့်ဆုံးကနေ လက်ဝဲအမြင့်ဆုံးကို လှေကားလိုတက်သွားတာဖြစ်တယ်။ လှေကားအခြေဟာ လက်ယာစွန်းဖက်ဆစ်ဝါဒပဲ။ အနိမ့်ဆုံး၊ အောက်တန်းအကျဆုံး၊ လူမဆန်ဆုံး အတွေးအခေါ် ဖြစ်တယ်။ စစ်အုပ်စုနဲ့ အပေါင်းအပါတွေရဲ့ အတွေးအခေါ် က အဲသည်အနိမ့်ဆုံးအဆင့်မှာရှိတယ်။ အနိမ့်ဆုံးလှေကားထစ်ကနေအပေါ် ကို တက်လာမယ်ဆိုရင် လှေကားတဝက်မှာ လစ်ဘရယ်ဝါဒကိုတက်လှမ်းမိမယ်။ ဖက်ဆစ်ဝါဒနဲ့ယှဉ်ရင် အများကြီးတိုးတက်လာပါတယ်၊ ဒါပေမဲ့ သိပ်မတိုးတက်သေးဘူး။ ဟိုမရောက် သည်မရောက်၊ ယောင်ချာချာဖြစ်နေတယ်။ ဒီအဆင့်မှာရှိတဲ့ အတွေးအခေါ် နဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေး တောင်းဆိုမှုတွေဟာ အကန့်အသတ်နဲ့သာရှိပါတယ်။ ဒါကို ဟုတ်လှပြီ၊ မြင့်လှပြီ၊

ကောင်းလှပြီလို့ အမွှမ်းတင်ဂုဏ်ဖော်နေကြတာပါ။ လစ်ဘရယ်ကိုယ်စားပြု ဒီမိုကရေစီဆိုတာ ဆိုရှယ်လစ် ဒီမိုကရေစီကို ဘယ်လိုလုပ် ယှဉ်နိုင်မလဲ။

တချို့က ဒီမိုကရေစီနဲ့ ကွန်မြူနစ်ဟာ ရန်ဘက်လိုလို ထင်ကြတယ်။ ကွန်မြူနစ်တွေက ဖောက်ပြန်အညှန့်ခူးတဲ့ လစ်ဘရယ်အာဏာရှူးတွေကိုပဲမကြိုက်တာပါ။ ကွန်မြူနစ်တွေတောင်းဆိုတဲ့ ဒီမိုကရေစီဟာ တင်းပြည့်ကျပ်ပြည့် ပြည်သူ့ ဒီမိုကရေစီဖြစ်တယ်။ ဆိုရှယ်ဒီမိုကရေစီဆိုတာ လူ့ဘောင်တခုလုံးက တိုက်ရိုက် ကျင့်သုံးနိုင်တဲ့ ဒီမိုကရေစီပဲ။ ကျနော်တို့ပြည်သူတွေဟာ အတွေးအခေါ် လှေကားရဲ့ တဝက်မှာတင် ရပ်နေလို့ မဖြစ်ဘူး။ လှေကားထိပ်အထိ တက်လှမ်းရမယ်။ ကျနော်တို့ရဲ့ ရဲရင့်တက်ကြွတဲ့ လူငယ်များဟာ အမြင့်ဆုံးသို့ တက်လှမ်းဖို့ လိုတယ်။ အတွေးအခေါ် မှိုင်းတိုက်မှုတွေကို တော်လှန်ရေးထဲမှာ တွန်းလှန်ဖယ်ရှားပြီး သစ်လွင်တဲ့အနာဂတ်ကို တည်ဆောက်နိုင်ရမယ်။

ရန်သူက ထစ်ခနဲဆို မကောင်းတာမှန်သမျှ ကွန်မြူနစ်ကိုလက်ညှိုးထိုးပြီး ပြည်သူမုန်းအောင်လုပ်နေတာတွေရှိပါတယ်။ ပြည်သူတွေ"တုံး၊ အ"နေတာမဟုတ်ပါ။ ဗမာ့အရေးမှာ တရုတ်နဲ့ ရုရှားက ကန့်လန့်တိုက်တယ်လို့ လူအများက ထင်မှတ်မှားချိန်မှာ အချိန်ကိုက်ပြီး ကွန်မြူနစ်နိုင်ငံတွေက လစ်ဘရယ် သူတော်စင် အနောက်နိုင်ငံတွေကို ကန့်လန့်တိုက်သလိုလို အနောက်အရင်းရှင်နိုင်ငံကြီးတွေ ပြောတာမျိုး ပြည်တွင်း အနောက်မျှော်သမားတွေက သံယောင်လိုက်ပြောတယ်။ မရှက်လို့ ပြောတာပဲ။ တရုတ်ပြည်မှာ အာဏာရပါတီက ကွန်မြူနစ်ပါတီဖြစ်ပေမယ့် တရုတ်ရဲ့စီးပွားရေးစနစ်နဲ့ ဆိုရှယ်လစ်စနစ်သို့ တက်လှမ်းပုံကိုနားလည်နိုင်ဖို့ခက်ပါတယ်။

နိုင်ငံတကာကွန်မြူနစ်တွေကြားမှာလည်း တရုတ်နဲ့ပတ်သက်လို့ အငြင်းပွားတာတွေရှိတယ်။ ရုရှားကို ကွန်မြူနစ် တံဆိပ်ကပ်တာကတော့ တော်တော့်ကို အရှက်နည်းလို့ပဲလို့ ပြောရမှာပါ။ ပူတင်က ကွန်မြူနစ်မဟုတ်ပါဘူး။ ပူတင့် ပါတီကလည်း ကွန်မြူနစ်ပါတီ မဟုတ်ဘူး။ ပေါ်ပြူလာ လူပြိန်းကြိုက်ပါတီပါ။

ဗမာပြည်က လူငယ်တွေဟာ အတွေးအခေါ် တိုးတက်လာတာနဲ့အမျှ နိုင်ငံတကာ အခင်းအကျင်းကို နားလည်လာလိမ့်မယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြားက ဆက်ဆံရေးကို သဘောပေါက်လာမယ်။ နယ်ချဲ့ဒဏ်ခံခဲ့ရတဲ့ ဘဝတူ အာဆီယံနိုင်ငံတွေရဲ့ သဘောထားကိုလည်း နားလည်လာမယ်။ အာဆီယံမူရဲ့ အနှစ်သာရကို ဆုပ်ကိုင်မိလာမယ်။ (အင်္ဂလိပ်လိုလည်း အာဆီယံနဲ့ အေးရှန်းကို ခွဲပြီး စာလုံးပေါင်းတတ်လာမယ် ဆိုပါတော့။)

ယနေ့ လူငယ်များက ချေဂွေဗားရားပုံတွေကိုင်စွဲပြီး ချီတက်ဆန္ဒပြကြတော့ အနောက်အုပ်စု မျက်ခုံးလှုပ်နေမှာ မြင်ယောင်သေးတယ်။ ချော့၊ ခြောက်၊ မြူဆွယ်တာတွေ လာပါလိမ့်မယ်။

တို့ပြည်တို့မြေမှာ ဘယ်သကောင့်သားကိုမှ အရေးလုပ်စရာမရှိဘူး။ အနောက်အုပ်စုက စစ်အုပ်စုနဲ့ ဒီချုပ်အုပ်စုကို လှေနံနှစ်ဖက်နင်းပြီး ကိုယ်ကျိုးရှာနေတာလည်း အခုလောက်ဆို ဗမာပြည်သူတွေ၊ လူငယ်တွေအတိုင်း အတာတခုအထိ သိနားလည်လောက်ပါပြီ။ ကိုယ့်လမ်းကိုယ်ဖောက် ရဲရဲဆက်လျှောက်ကြစို့။

● ကြည်မြအောင်





# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း-၁၁

× ဘိုးဒေါင်း ×




စစ်ရေးစစ်ရာမှာ အရင်အပတ်ကဖော်ပြခဲ့သလို အောင်မြင်အကျိုးရှိတဲ့ စီမံခန့်ခွဲမှုပရိယာယ်ကို နာခံ ကျင့်သုံးမယ်ဆိုရင် အခြေအနေကောင်းကို အမိအရဖန်တီးပြီး အတွင်းအပြင် အပနဲ့အရံ၊ ရှေ့နောက်၊ ဘေးတောင်ပံတို့ ကနေ ထောက်ကူဝန်းရံပေးထားဖို့လည်း လိုသေးတယ်။ ရန်သူကို လက်ဦးမှုမပေးဘဲ လျှပ်တပျက်တိုက်လေ။

ကိုယ့်ရဲ့ စီမံခန့်ခွဲ ရေးဆွဲထားတဲ့ ပရိယာယ်အပေါ်မှာ စစ်ဦးစီးမယ့် နာယကဟာ လိမ္မာပါးနပ်စွာ လိုအပ်သလိုပြုပြင် လုပ်ဆောင်တတ်ဖို့လိုတယ်။ စေ့စုံတဲ့ တွက်ချက်မှုတွေကို ဘက်ပေါင်းစုံက လုပ်ထားကြရမယ်။ (မြေပြင်အနေထား၊ ရာသီဥတု၊ အချိန်အခါ၊ အလင်းအမှောင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ မြစ်ချောင်း အင်းအိုင်၊ မြေပြန့် ဖြူးမှု၊ရန်သူ့အင်အား၊ လက်နက်ရိက္ခာ၊ အသုံးပြုနိုင်တဲ့စစ်လက်နက်၊ ကိုယ့်တပ် သူ့တပ်ထောက်ပံ့ရေး လမ်းကြောင်း)

အဲဒါတွေ စေ့စပ်သေချာမှုမဲ့သူဟာ စစ်ရေးစစ်ရာမှာ အရေးနိမ့်တတ်တယ်။ စေ့စပ်သေချာမှုရှိသူဟာ စစ်အောင်နိုင်သူဖြစ်မယ်။

စစ်ပြုရာမှာသတိထားရမှာက အချိန်ကိုဆွဲမတိုက်နဲ့၊ မြန်ရမယ်၊ ပြောက်ကျားစစ်မှာဆိုရင် ရန်သူအင်အားကို ဖြုန်းတီးဖို့၊ ရှေ့ဆက်မတက်နိုင်အောင် ဟန့်တားဖို့ဖြစ်တယ်။ ရန်သူဗျူဟာကို ဖျက်ပစ်ဖို့ပဲ။ မြို့သိမ်းတိုက် ပွဲဆင်နွှဲဖို့ မဟုတ်။ (ဒုတိယကမ္ဘာစစ် မြန်မာပြည် စစ်မြေပြင်မှာ ဂျပန်တပ်ကို ဝင်းဂိတ် (Ode Charles Wingate) က ခရီးဝေးထိုးဖောက် ပြောက်ကျားဗျူဟာနဲ့ ဂျပန်ကိုနှောင့်ယှက်ဟန့်တားချိန်မှာ စတီးဝဲလ်(Joseph Warren Stilwell)က မြစ်ကြီးနားလေယာဉ်ကွင်းကိုသိမ်း လိုက်တယ်။ မြစ်ကြီးနားမြို့သိမ်းတိုက်ပွဲကို ဆင်နွှဲအနိုင်ရခဲ့တာမှာ ဝင်းဂိတ်ကပြောက်ကျားဗျူဟာက မြို့သိမ်း တိုက်ပွဲတာဝန်မဟုတ်ပေမယ့် စတီးဝဲလ်က မြို့သိမ်းတာဝန်။ ပြောက်ကျားနဲ့ ပေါင်းစပ်လုပ်ဆောင်ကြတာကို နမူနာယူလေ။)

ပြောက်ကျားစစ်ရေးစစ်ရာမှာ လျှပ်တပျက်နဲ့ လျင်မြန်မှုဟာ အရေးပါတယ်။ အချိန်ဆွဲတိုက်တာမရှိဘူး။